မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883,35
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ ဇွန်လ (၅) ရက်

## MCB နှင့် Samsung တို့ ပူးပေါင်း၍ Mobile Phone အရစ်ကျရောင်းချခြင်း လုပ်ငန်း စတင်ကြောင်း အသိပေးကြေငြာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ( MCB ) သည် ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် နေပြည်တော်မြို့ များရှိ Customers များကို Samsung Mobile Phone များ အရစ်ကျရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၈ခုနှစ်၊ မတ်လတွင် Samsung ဖြင့် MOU သဘောတူစာချုပ် တစ်ရပ်ချုပ်ဆိုပြီး လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါတွင် Samsung Mobile Phone များ အရစ်ကျရောင်းချနိုင်အောင် ပူးပေါင်းလုပ်ဆောင်လျက် ရှိပါသည်။ အဆိုပါသဘောတူစာချုပ်အရ Samsung Mobile Phone များ အရစ်ကျရောင်းချခြင်းကို ၂၀၁၈ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဈေးကွက်အတွင်း စတင်ရောင်းချလျက် ရှိပါသည်။

(ယခင် ထုတ်ပြန်ချက်တွင် Telenor နှင့် ပူးပေါင်းပြီး ဆောင်ရွက်ရန် သဘောတူခဲ့သော်လည်း အကြောင်းမညီညွတ်ပါသဖြင့် ဆောင်ရွက်ခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။)

**<u>လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့်သက်ဆိုင်သောအချက်များ</u>**

၂။ လက်ရှိတွင် ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် နေပြည်တော်မြို့များတွင် သတ်မှတ်ထားသည့် Samsung Showroom များ တွင် ၆လ၊ ၉လ၊ ၁၂လ ( ၁နှစ် ) အရစ်ကျစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ လက်ရှိလုပ်ငန်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ Hire Purchase လုပ်ငန်းတစ်ရပ်အနေဖြင့် ထပ်တိုးဆောင်ရွက်မှု ဖြစ်ပါသည်။ Mobile Phone ကဲ့သို့ အရေးပါသည့် လူသုံးကုန်စက်ပစ္စည်းများအား မြန်မာနိုင်ငံသားများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ယခုကဲ့သို့ခိုင်မာသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဈေးကွက်အတွင်းသို့ (၁.၆.၂၀၁၈) ရက်နေ့မှ စတင်ရောင်းချလျက်ရှိပါသည်။ ယခုဝန်ဆောင်မှုလုပ်ငန်းမှ ရရှိသည့် အတွေ့အကြုံ သည် MCB အနေဖြင့် အနာဂတ်ကာလလုပ်ငန်း ဆောင်ရွက်မှုနှင့်အခြားဆက်စပ်သည့် ရေရှည်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဟုမျှော်မှန်းပါသည်။ ထို့အပြင် ခေတ်မီစက်ပစ္စည်းများကို မြန်မာနိုင်ငံသားများ ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါ သည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**